## ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

## ၁၇ ရက်မြောက်နေ့ အစီအစဉ်

## [ ၂၄-၂-၂၀၁၄ ] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်နန်းစေအွာ၊ ဘားအံ မဲဆန္ဒနယ်၏ **ဘားအံစက်မှုဇုန်တွင် ပါဝင်သွားသော လယ်မြေ ၆၅.၅၂ ဧက အပေါ် နစ်နာသော လယ်သမားများအတွက် အခွင့်အရေး၊ နစ်နာကြေး တစ်စုံတစ်ရာ ရရှိရန်အတွက် သက်ဆိုင်ရာမှ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးကိုကြီး၊ အောင်မြေသာစံ မဲဆန္ဒနယ်၏ **မန္တလေးတိုင်းဒေသကြီး အတွင်းရှိ အသေးစား၊ အလတ်စားစက်မှု လုပ်ငန်းရှင်များ အတွက် စက်မှုဘဏ်မှ ချေးငွေများရရှိရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဒေါ်ဇာတလဲမ်း၊ ထန်တလန် မဲဆန္ဒနယ်၏ **အမျိုးသမီးများကို အထူး အခွင့်အရေးပေးစနစ် ကျင့်သုံး၍ နစ်ရှည်လရှည် ရပ်တည်နိုင်ရန် အတွက် အမျိုးသမီးဝန်ကြီးဌာန တစ်ခု ထားပေးသင့်ကြောင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးခင်မောင်ညို၊ ပေါက် မဲဆန္ဒနယ်၏ **အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများအား ဂုဏ်ထူးဆောင်ဘွဲ့ (သို့) ချီးမြှင့် ခံစားခွင့်စသည့် အသိအမှတ်ပြု ဆောင်ရွက်ပေးမှု တစ်ရပ်ရပ် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **သဃ်န်းကျွန်းမြို့နယ်၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဖွဲ့စည်းခြင်းနှင့် အဆိုပါကော်မတီ၏ ဆောင်ရွက်ချက်များ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးမင်းဆွေ၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံမှ သယံဇာတများကို တစ်ဖက်နိုင်ငံသို့ တရားမဝင်ထုတ်ယူနေမှုများအပေါ် တာဝန်မဲ့ ဆောင်ရွက်နေသည့် ဝန်ထမ်းများအား မည်ကဲ့သို့ အရေးယူမည်နှင့် ဆုံးရှုံးခဲ့သည့် နိုင်ငံပိုင် သယံဇာတများနှင့် ပတ်သက်၍ တရားမဝင် ခိုးထုတ်သွားသည့် ကုမ္ပဏီများထံမှ ပြန်လည်ရရှိရေး ဆောင်ရွက်ရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးစိုးသိမ်း၊ ကလေးဝ မဲဆန္ဒနယ်(ကိုယ်စား) ဦးမောင်ဦး၊ ဖောင်းပြင် မဲဆန္ဒနယ်၏ **လွှတ်တော်မှ ဖွဲ့စည်းပေးအပ်သော ကော်မတီများမှ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ မေးမြန်းခြင်းအပေါ် ပြန်ကြားချက် မရရှိသော ကိစ္စရပ်များအား အသိပေး ပြန်ကြားပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော **“အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေး ၁၇ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၈ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။